## (၁၂) စပါးမြစ်ပုပ်နီမတုတ်ရောဂါ (Rice root rot nematode)

**ရောဂါဖြစ်စေသောသက်ရှိ - *Hirschmanniella oryzae* (van Breda de Haan,1902) Luc&Goodey,1964**

### ရောဂါလက္ခဏာများ

စပါးပျိုးခင်းနှင့်စိုက်ခင်းများတွင် အကွက်လိုက်အပင်များပုနေသည်။ အရွက်များသည် ဝါနေပြီး အမြစ်ကိုနှုတ်ကြည့်ပါက အမြစ်များဖွာ၍ ပျော့ပြောင်းနေပြီး သံချေး ရောင် ပြောင်းနေသည်ကိုတွေ့ရသည်။ စပါးပင်များပင်ပွားနည်းခြင်း၊ ပန်းပွင့်ချိန်နောက်ကျခြင်း တို့ဖြစ်စေသည်။





### ကာကွယ်နှိမ်နင်းနည်းများ

- ခံနိုင်ရည်ရှိသောမျိုးကိုရွေးချယ်စိုက်ပါ။
- အာဟာရဓါတ် လုံလောက်မျှတအောင်ကျွေးပါ။
- မြစ်ပုပ်နီမတုတ်ကျသောစိုက်ခင်းအားအနည်းဆုံး (၁၂) လခန့်မြေလှပ်ထားပေးပါ။
- စိုက်ခင်းအတွင်းပေါင်းမြက်များကင်းစင်အောင်ဆောင်ရွက်ပါ။
- အခြားပဲတစ်မျိုးမျိုးနှင့်သီးလှည့်စိုက်ပါ။
- သဘာဝမြေသြဇာများ၊ တမာကြိတ်ဖက်၊ စက်ဖွဲပြာများနှင့် ပိုတက်ရှ်မြေခံထည့် ပေးပါ။
- နီမတုတ်ကျရောက်ခဲ့သော စိုက်ခင်း၌စပါးပြန်လည်စိုက်မည်ဆိုပါက မြေပြု ပြင်ပြီး သောအခါ Fosthiazate (ဖော့စ်သီယာဇိတ်) (အခဲ) ကိုမြေခံအဖြစ် ကြဲပက်ထွန်မွှေ ပြီးမှ ကောက်စိုက် (သို့) တိုက်ရိုက်အစေ့ချပါ။